ပုံစံ(မနသ-၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၀၁၁/၉၆ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးမောင်စိန်

(ခ) အဘအမည် ဦးဘွန်ရွှီး

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)၁၁၃၀၉၉

(ဃ) နေရပ်လိပ်စာ အမှတ်(၃၄)၊ စဉ်းအိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား ပလာဇာ၊ ရုံးခန်း၊ ဈေးဆိုင်ခန်းနှင့်လူနေအိမ်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ်(၁၆၇/၁၇၃)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၁၇၃ သန်း (ကျပ်တစ်ရာခုနှစ်ဆယ့်သုံးသန်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်၊ ၄၃ /၉၆
ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်။
(၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သည့် မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၁၆၅/၁၇၅) ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင် မြေကို နှစ် (၃၀) ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ ပလာဇာ၊ ရုံးခန်း၊ ဈေးဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၈-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၉၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၂၀-၁၁-၉၆) နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၀/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) အား နိုင်ငံတကာအဆင့်မီ ပလာဇာ၊ ရုံးခန်း၊ ဈေးဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၅၁/၉၆ ကို ထုတ်ပေးလိုက်သည်။

၂။ မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (Myanmar Growing Construction Co.,Ltd) အနေဖြင့် ခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၇)၊

ပုဒ်မ ၁၂အရ ဝန်ဆောင်မှုလုပ်ငန်း စတင်သောနှစ်အပါအဝင်တစ်ဆက်တည်း (၃)နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ဥပဒေပုဒ်မ ၁၃ပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါအခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန်၍အမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ်မူတည်၍ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကိုဖော်ပြလျှက်လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေအပေါ်မူတည်၍ ကော်မရှင်သို့လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရဝန်ဆောင်မှုလုပ်ငန်းကြောင့်သတ်မှတ်သည့်နှုန်းအထိပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါကသတ်မှတ်ချက်နှင့်အညီဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးသည့်အခါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကိုဖော်ပြလျှက်၍ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(စ)အရလုပ်ငန်းမှရရှိသည့်အမြတ်ငွေကိုသီးသန့်ရန်ပုံငွေထား၍တစ်နှစ်အတွင်းလုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင်ထိုအမြတ်ငွေအပေါ်တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါလုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်နိုင်မှုအခြေအနေကိုဖော်ပြလျှက်ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(ဆ)အရလုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ်တန်ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်းအတိုင်းနှစ်တိုတိုနှင့်မူလတန်ဖိုးပြည့်မီသည်အထိအမြတ်ငွေမှနှုတ်ပယ်ခွင့်နှင့်စပ်လျဉ်း၍ယင်းတန်ဖိုးလျော့နှုန်းထားများကိုကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဇ)အရကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌မရရှိနိုင်သည့်အမှန်တကယ်လိုအပ်၍ ပြည်ပမှတင်သွင်းသောစက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကိုကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃(ဇ) အရပြည်ပမှတင်သွင်းသည့်စက်ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေရရှိပုံနည်းလမ်း(Source of Payments for Import)ဥပမာ-ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပချေးငွေ(Loan and Credits)၊ ကုန်ပစ္စည်းပြန်လည်ဝယ်ယူသည့်စနစ်(Buy-back System) စသည်တို့ကိုဖော်ပြရန်။

(ခ) တင်သွင်းမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများသင့်မြတ်မှုစသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိအမှတ်ပြုထားသည့်စစ်ဆေးရေးကိုယ်စားလှယ်(Inspection Agency)၏စစ်ဆေးမှုဖြင့်ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏စစ်ဆေးပြီးကြောင်းအထောက်အထား(Inspection Certificate)ဖြင့်တင်သွင်းမည့်ပစ္စည်းအမျိုးအစားစာရင်း(Invoice and Packing List)များကိုနိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်သို့တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ မြေငှားရမ်းမှုသက်တမ်းကာလမှာနှစ်(၃၀)ဖြစ်ပြီး မြေငှားစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍လုပ်ငန်းများကိုစတင်ဆောင်ရွက်ရမည်။ ခေတ်မီ(၁၀)ထပ်အဆောက်အဦကို(၁၈)လပြည့်သည်အထိတည်ဆောက်မှုမပြီးစီးပါက(၁၈)လပြည့်သည့်နေ့မှစ၍လစဉ်သတ်မှတ်ထားသောငှားရမ်းခများကိုပေးသွင်းရမည်ဖြစ်

ပြီး ငှား ရမ်း ကာလကိုလည်း (၁၀)လပြည့်ပြီး သည့် နေ့မှစ၍ နှစ်(၃၀) ရေတွက်ရမည်။ မြေငှား သဘောတူစာချုပ်လက်မှတ် ရေး ထိုး သည့် နေ့တွင် ရုပ်ရှင်လုပ်ငန်းမှကုန်ကျထား သော(Pile)ဖိုင်တန်ဘိုး ငွေကျပ် ၉၀.၀၂ သိန်းကိုမြန်မာဂရိုးဝင်းကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက်(Myanmar Growing Construction Co., Ltd.)မှ ရုပ်ရှင်လုပ်ငန်း သို့တစ်လုံး တစ်ခဲတည်း ပေး သွင်း ရမည်။ မြေအသုံး ပြုမှုပရီမီယံ ကြေး ပေး ငွေအဖြစ်ရုပ်ရှင်လုပ်ငန်း ဖိုင်(၈၀' × ၆၀') အကျယ်ရှိသီး ခြား မြေကွက် ပေါ်တွင်ကျပ်သိန်း (၆၀၀)တန်ဖိုး ရှိ(၅)ထပ်အ ဆောက်အဦတစ်လုံး ကိုရုံး အင်္ဂါရပ်နှင့်အညီတစ်နှစ်အတွင်း အပြီး တည် ဆောက် ပေး ရမည်။

၅။ မြေငှား ရမ်း ခကိုတစ်နှစ်လျှင် ကျပ်(၁၀)သိန်း ဖြင့်(၅)နှစ်လျှင် တစ်ကြိမ် ၁၅ % ထက်မပို စေဘဲတိုး မြှင့် ပေး ရန်နှင့်နှစ်စဉ်ကြိုတင် ပေးသွင်း ရမည်။ငှား ရမ်း ကာလကုန်ဆုံး သည့်အခါ မြေနှင့်တကွအ ဆောက်အဦနှင့်ဆက်စပ်ပတ်သက် နေ သော ပစ္စည်း အား လုံး ကို ကောင်း မွန်စွာပုံမှန်အသုံး ပြုနိုင်သည့်အ နေအထား အတိုင်း မည်သည့်အဖိုးစား နား မျှမပါဘဲရုပ်ရှင်လုပ်ငန်း သို့လွှဲ ပြောင်း ပေး ရမည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်ပြန်ကြား ရေး ဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်း နှင့်မြန်မာဂရိုး ဝင်း ကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက်(Myanmar Growing Construction Co., Ltd.)တို့ချုပ်ဆိုသည့် မြေငှားသ ဘောတူစာချုပ်လက်မှတ် ရေး ထိုး ပြီး သည့်အခါယင်း သ ဘောတူစာချုပ်မူကြမ်း(၅) စောင်ကို ကော်မရှင်သို့တင် ပြရမည်။

၇။ မြေငှား ရမ်း ခြင်း နှင့်စပ်လျဉ်း ၍အငှား ချထား သူနှင့်အငှားချ ထား ခြင်း ခံရသူ နှစ်ဦး နှစ်ဖက်စလုံး တို့သည် နိုင်ငံ တော်အစိုး ရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်း မည့်စည်ကမ်း သတ်မှတ်ချက်များ ကိုတိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၈။ မြန်မာဂရိုး ဝင်း ကွန် စထရပ်ရှင်း ကုမ္ပဏီလီမိတက်(Myanmar Growing Construction Co., Ltd.)သည် နိုင်ငံခြား သား များသို့မဟုတ် နိုင်ငံခြား ကုမ္ပဏီများ သို့အခန်း များ ကိုငှား ရမ်း ရာတွင်လုပ်ငန်း အတွက်အသုံးပြုခွင့် (leasehold interest)ကိုသာငှား ရမ်းရမည်။ ထို့အပြင် ၁၉၈၇ခုနှစ်၊ မရွှေ့မ ပြောင်း နိုင် သော ပစ္စည်း များ လွှဲ ပြောင်း ခြင်း ကိုကန့်သတ်သည့်ဥပ ဒေပုဒ်မ ၅

း ပုဒ်မခွဲ (က) အရ တစ်ကြိမ်လျှင် တစ်နှစ်ထက်ပို၍ အငှားချထားခြင်း မပြုရသည့်အပြင် အငှားချထားခြင်းခံရသူ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီက အခြားတစ်ဦး တစ်ယောက်သို့ ထပ်ဆင့်ငှားရမ်းခြင်း (sub lease)၊ လွှဲပြောင်းခြင်း (transfer) တို့ကို ပြုလုပ်ခွင့်မရှိကြောင်း အငှားစာချုပ်တွင် ထည့်သွင်းချုပ်ဆိုရမည်။

၉။ · မြန်မာဂရိုးဝင်း ကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၉)၊ အပိုဒ်-၃၃ ပါ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ သီးခြားတင်ပြလျှောက်ထားရမည်။

၁၀။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၁။ မြန်မာဂရိုးဝင်း ကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) သည် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုစသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို စနစ်တကျထား၍ ဆောင်ရွက်ရမည်။

၁၂။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့် နေ့ရက်ကို၍ ကော်မရှင်သို့ အမြန်ဆုံး အစီရင်ခံရမည်။

၁၃။ ဤခွင့်ပြုမိန့်ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်းစတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ-

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

စာအမှတ်၊ ၇က - ၁/မ - ၀၀၀/၉၆ (၁၃၀၆)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်။

<u>ဖြန့်ဝေခြင်း</u> ။

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး ။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး ။
၃။ အစိုးရအဖွဲ့ရုံး ။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး ။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၉။ အလုပ်သမားဝန်ကြီးဌာန။
၁၀။ ပြန်ကြားရေးဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။
၁၂။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ငယ်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်ဝစ်ဆေးရေးဦးစီးဌာန)
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
၁၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း။
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုပ်ရှင်လုပ်ငန်း ။
၂၀။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း
ရှင်များအသင်း ။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၂၂။ အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက်။
(Myanmar Growing Construction Co., Ltd..)

အမိန့်အရ -

(မောင်မောင်ရဲ)
တွဲဖက်အတွင်းရေးမှူး

မ၁*၂၀/၁၁/၉၆။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ရန်ကုန်မြို့

ရုံးသားကြီးရေး လုပ်အားဖြင့် နိုင်ငံတည်

တိကျ မှန် မြန်

အမှတ်စာအမှတ် ၂-၁၀(၁၀/၉၆)/ ၁၉၀၀/၁၉၁၀

ရက်စွဲ၊ ၁၉၉၆ ခု၊ နိုဝင်ဘာ လ ၁ ရက်။

အကြောင်းအရာ။ ။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း ၊ အမှတ်၊ ၁၆၅/၁၇၅ ရှိ ရုပ်ရှင်လုပ်ငန်းပိုင် (၈၀'x၆၀') မြေကွက်အား ငှားရမ်း၍ အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုရန် အဆိုပြုလျှောက်ထားလာခြင်း ။

ရည်ညွှန်းချက်။ ။ ၎င်းဝန်ကြီးရုံး၏ ၆-၁၁-၉၆ ရက်စွဲပါ စာအမှတ်၊ ၂-၁၀(၁၀/၉၆) ၂၅၁၁/၂၅၁၂ ။

၁။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း အမှတ် ၁၆၅/၁၇၅ ရှိ ရုပ်ရှင်လုပ်ငန်းပိုင် (၈၀'x၆၀') မြေကွက်အား မြန်မာဂရိုးဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်သို့ ငှားရမ်းနိုင်ရေး အတွက် ဆောင်ရွက်ပေးပါရန်နှင့် မြန်မာဂရိုးဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ အဆိုပြုလွှာပုံစံနှင့်အတူ ရည်ညွှန်းစာဖြင့် ပူးတွဲပေးပို့မေတ္တာရပ်ခံခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါငှားရမ်းမည့် မြေကွက်နှင့် စပ်လျဉ်း၍ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုမည့် စာချုပ်မူကြမ်းအား ရှေ့နေချုပ်ရုံးကို တင်ပြခဲ့ရာ၊ ရှေ့နေချုပ်ရုံး မှပြင်ဆင်ဖြည့်စွက်ပြီး အတည်ပြုပြန်လည်ပေးပို့လာသည့် စာချုပ်ကို ပူးတွဲ၍ ဆက်လက်ပေးပို့အပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(စိန်ဝင်း ၊ ရုံးအဖွဲ့မှူး)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်။

မိတ္တူကို - ဦးဆောင်ညွှန်ကြားရေးမှူး ၊
ရုပ်ရှင်လုပ်ငန်း ။

*ထွန်း /

(၁၁.၇.၉၇)· ၁၂/၉၇ ကို/၉၅

အကြောင်းအရာ။ ။ Myanmar Growing Construction Co., Ltd. ၏ နိုင်ငံခြားမှ ရွှေ့ဆိုင်းငွေ ပေးချေခြင်းစနစ် (Deferred Payment System) အရ အကြွေးရယူမည့် နိုင်ငံခြားကုမ္ပဏီပြောင်းလဲခြင်းအတွက် တင်ပြ လျှောက်ထားခြင်းကိစ္စ။

၁။ မြန်မာနိုင်ငံမှ မြန်မာဂရိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၁၆၅/၁၇၅) ရှိ ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင် မြေကို ငှားရမ်း၍ အထပ် (၁၀) ထပ် အခန်း(၂၀) ပါဝင်သည့် နိုင်ငံတကာအဆင့်မီ အဆောက်အဦ ဆောက်လုပ်၍ ပလာဇာ၊ ရုံးခန်း ၊ ဈေးဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ တည်ဆောက်ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၉-၁၁-၉၆) နေ့တွင် ခွင့်ပြုမိန့်အမှတ်၊ မနသ-(၀၅၁/၉၆) ဖြင့် ခွင့်ပြုခဲ့ပါသည်။

၂။ Myanmar Growing Construction Co., Ltd. သည် အမေရိကန်ဒေါ်လာ (၀.၅) သန်းအပါအဝင် ကျပ် ၁၇၃ သန်းဖြင့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ မူလခွင့်ပြုထားသည့်အဆိုပြုချက်တွင် နိုင်ငံခြား ချေးငွေအမေရိကန်ဒေါ်လာ (၀.၅) သန်းတန်ဖိုးရှိ စက်နှင့်စက်ပစ္စည်းကိရိယာများကို စင်ကာပူနိုင်ငံ Lian Huat Shipping Co., Ltd. မှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ်(Deferred Payment System) အရ တစ်နှစ်လျှင် (၈) ရာခိုင်နှုန်းအတိုးနှုန်းဖြင့် (၄) နှစ်အတွင်းအကြွေးပေးဆပ်မည်ဟု ဖော်ပြခဲ့ပါသည်။

၃။ ယခုအခါ စင်ကာပူနိုင်ငံ Lian Huat Shipping Co., Ltd. နှင့် အကြွေးရယူဆောင်ရွက်ရန်မဖြစ်နိုင်သဖြင့် ဟောင်ကောင် Metro Summit Development Corporation ထံမှ ချေးငွေကို မူလစာချုပ်အတိုင်း ပြောင်းလဲ၍ ရယူခြင်းကိုခွင့်ပြုပေးပါရန်တင်ပြ လျှောက်ထားလာခြင်းဖြစ်ပါသည်။ (ပူးတွဲ)

၄။ ယင်းသို့ Myanmar Growing Construction Co.,Ltd အနေဖြင့် ပြည်ပမှ စက်ပစ္စည်းကိရိယာများမှ သယ်ယူတင်သွင်းမည့် နိုင်ငံခြားကုမ္ပဏီ ပြောင်းလဲသော်လည်း မူလခွင့်ပြုထားသော မတည်ငွေရင်း ဘောင်အတွင်းမှပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ သို့ပါ၍ အမေရိကန်ဒေါ်လာ (၀.၅) သန်းတန်ဖိုးရှိစက်နှင့် စက်ပစ္စည်းကိရိယာများကို ဟောင်ကောင် Metro Summit Development Corporation - ထံမှ ပြောင်းလဲ၍ ရှေးငွေစာချုပ် ချုပ်ဆိုရယူရန်ကို ခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါသည်။

* ဝိ နိ ၃-၇-၉၇။

ပူးတွဲ

MYANMAR GROWING CONSTRUCTION CO., LTD.

မြန်မာဂရိုးဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

No. 54, SECOND FLOOR, SINTOHDAN STREET, LATHA TOWNSHIP, YANGON.

☎ : 095 - 1 - 226414, FAX : 095 - 1 - 226414

သို့

အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့ ။

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်။

အကြောင်းအရာ။ နိုင်ငံခြားမှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ် - (Deferred Payment System)အကြွေး ရယူမည့်နိုင်ငံခြားကုမ္ပဏီ ပြောင်းလဲခြင်းအတွက်တင်ပြ လျှောက်ထားခြင်း ။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက်သည်၊ အမှတ်(၁၆၅/၁၇၅)ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား မြို့နယ်(၈၀'×၆၀') ရန်ကုန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင် လုပ်ငန်းပိုင်မြေကွက်တွင် အထပ်(၁၀)ထပ်၊ အခန်း - ၂၀ ပါဝင်သည့်ရုံးခန်း၊ လူနေအိမ်ခန်းနှင့်၊ ဈေးဆိုင်ခန်းများ (Office, Apartment, Shopping Centre & Plaza)တို့ကို နိုင်ငံတကာအဆင့်အတန်းမီအဆောက်အဦးများ အဖြစ်တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းစနစ်(Build, Operate and Transfer, BOT)အရတည်ဆောက်ပြီး၊ ငှားရမ်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ(၂၉) ရက်စွဲပါခွင့်ပြုမိန့်အမှတ် - ၀၅၁/၉၆ အရ လုပ်ကိုင်ခွင့်ရရှိထားသောကုမ္ပဏီ ဖြစ်ပါသည်။

၂။ ယခုအခါကျွန်တော်တို့၏ကုမ္ပဏီသည်ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်းနှင့်(၂၁-၂-၉၆) နေ့တွင် မြေငှားခြင်း၊ သဘောတူညီချက်စာချုပ် ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၃။ ကျွန်တော်တို့၏ ကုမ္ပဏီသည် အဆိုပြုလွှာတင်ပြစဉ်က နိုင်ငံခြားမှရယူမည့် အကြွေးများကို အကြမ်းမျဉ်းညှိနှိုင်းမှုအရ စင်ကာပူနိုင်ငံ Iian Huat -

MYANMAR GROWING CONSTRUCTION CO., LTD.
မြန်မာဂရိုးဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

No. 54, SECOND FLOOR, SINTOHDAN STREET, LATHA TOWNSHIP, YANGON.
☎ : 095 - 1 - 226414, FAX : 095 - 1 - 226414

Shipping Co., LTD. မှ ရွှေဆိုင်း ငွေပေး ချေခြင်း စနစ် (Deferred Payment System) ဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရန်တစ်နှစ်လျှင် (၁) ရာခိုင်နှုန်း အတိုးဖြင့် ဝယ်ယူတင်သွင်း မည်ဟု ဖော်ပြခဲ့ပါသည်။ သို့သော် ကျွန်တော်တို့ကုမ္ပဏီလီမိတက် အနေဖြင့်ယခုအမှန်တကယ်အကြွေး ရယူရန်ပြန်လည် ညှိနှိုင်း ဆွေးနွေး သည့်အခါ အထက်ဖော်ပြပါ Lian Huat Shipping Co.,LTD. နှင့်အကြွေး ရယူ ဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် အဆိုပါကုမ္ပဏီအစား ဟောင်ကောင်ရှိ Metro Summit Development Corporation နှင့် ပြောင်းလဲ၍အကြွေးရယူခြင်းကို ခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားခြင်းဖြစ်ပါသည်။

၄။ အဆိုပါ ဟောင်ကောင် ရှိ Metro Summit Development Corporation ကုမ္ပဏီနှင့်အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တန်ဖိုး ရှိသော ဆောက်လုပ်ရေး ပစ္စည်း နှင့်အခြား လိုအပ်သော ပစ္စည်း များကို (၄) နှစ်အတွင်း ပြန်လည်ပေး ဆပ်ရန် တစ်နှစ်လျှင် (၁) ရာခိုင်နှုန်း အတိုး ဖြင့်ဝယ်ယူတင်သွင်း မည့် ရွှေဆိုင်း ငွေပေး ချေခြင်း သဘောတူစာချုပ် (Deferred Payment Agreement) ကိုပူးတွဲတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်လျှောက်ထားသူ

U Maung Sein
Managing Director
Myanmar Growing Construction Co., Ltd.

LOAN AGREEMENT

TO PURCHASE OF MACHINERIES & EQUIPMENTS AND MATERIALS ETC.

FOR CONSTRUCTION OF OFFICE & APARTMENT, PLAZA AND

SHOPPING CENTER BUILDING (10 STOREY)

BETWEEN

MYANMAR GROWING CONSTRUCTION COMPANY LIMITED

AND

METRO SUMMIT DEVELOPMENT CORP.

This loan Agreement is made on the 9th day of April 1996.

between

MYANMAR GROWING CONSTRUCTION COMPANY LIMITED. a Myanmar Company with its principal office of business at No.54 Sint-Oh-Dan Street, Latha Township, Yangon, Union of Myanmar, a Limited Company under the Myanmar Companies Act (hereinafter reffered to as "Borrower" which expression shall, unless repugnant to the context or the meaning thereof, be deemed to include its successors, legal representatives and permitted assign) represented for the purpose of this Agreement by its Managing Director, U maung Sein of the one part.

and

METRO SUMMIT DEVELOPMENT CORP., (a Panama corporation) with its principal office of business at Rm. 701, Sino centre. 582.592, Nathan Rd. Klu H.K, a company existing under the Laws of HongKong,(hereinafter reffered to as ' Lender', which expression shall, unless repugnant to the context or the meaning thereof, be deemed to include its successors legal representatives and permitted assigns)represented for the purpose of this Agreement by its Director and Vicepresident, Mr. Peng, Sheneg-Hsiung of the other part.

1. WHEREAS The parties hereto are desirous of to lend and borrow for purchasing of machineries & equipments and materials which required for construction of Office & Apartment, Plaza and Shopping centre Building by the Party Borrow's Capital and their management under the Myanmar Citizen Investments Law 1994.

2. WHEREAS The parties hereto agree to do the loan Agreement for the purpose of the Lender to supply loan in Deferred Payment Purchase System on the amount of US$ 500,000/- (US Dollar five hundred thousand only) of machineries & equipment and material, which required for the construction of Office & Apartment, Plaza and Shopping Centre Building, according to the discussion and agreement within the two parties were as follows:-

3. **PAYMENT OF LOAN**

3.1 The Lender must pay cash loan and Deferred Payment to the Borrower for the above loan on the amount US Dollar 500,000/- (US Dollar five hundred thousand only) when the Borrower get the necessary permit from the Myanmar Investment Commission to doing the business of construction of **Office & Apartment, Plaza and Shopping Center Building** under the Myanmar Citizen Investment Law, 1994.

3.2 The list of machineries & equipment and materials required for construction of **Office & Apartment, Plaza and Shopping Centre Building** is attached as Exhibit No. I and detail invoice and other necessary documents for shipping, will be prepared when the Borrower get the Permit from the Myanmar Investment Commission.

4. **REPAYMENT OF LOAN**

4.1 The Borrower must repay for the above loan after receiving the necessary machineries & equipment and materials, on the amount of &US Dollar 500,000/- (US Dollar five hundred thousand only) to the Lender within four (4) years and we also need to pay interest on loan in the rate of 8% per annum by reducing balance method. Therefore, the repayment for the principal amount of loan will be as follows:-

1999-2000 financial year	US $ 125,000
2000-2001 financial year	US $ 125,000
2001-2002 financial year	US $ 125,000
2002-2003 financial year	US $ 125,000
TOTAL	US $ 500,000

5 **INTEREST ON LOAN**

5.1 The Borrower also need to pay interest on loan in the rate of 8% per annum by reducing balance method. Therefore, the payment for interest for interest on loan will be as follows:-

1999-2000 financial year	US $ 40,000
2000-2001 financial year	US $ 30,000
2001-2002 financial year	US $ 20,000
2002-2003 financial year	US $ 10,000
TOTAL	US $ 100,000

6. EFFECTIVENESS

6.1 This Agreement comes to effect from the date of signing by both parties and duly authenticated by witnesses, after obtaining the approval from the Myanmar Investment Commission for the proposed project of the Borrower.

7. ARBITRATION

7.1 If any dispute arises over the interpretation or implementation of this Agreement, such dispute shall be settled amicably between both contracting parties through mutual discussion. Disputes arising between both contracting parties that cannot be settled amicably as mentioned above shall be settled in the Union of Myanmar by arbitration, though two arbitrators appointed by and each representing one of the three contracting parties. Should the arbitrators failed to reach an agreement, the dispute shall be referred to an Umpire nominated by the arbitrators. The arbitration proceeding shall in all respect conform to the Arbitration Act, (Myanmar Act No. IV of 1944) or any subsisting statutory modifications thereof. The venue of arbitration shall be Yangon, Union of Myanmar, or any place in the Union of Myanmar agreed by the both parties. The Arbitration Fees shall be borne by the party against whom the award in made.

8. GOVERNING LAW

8.1 This Agreement shall be read, construed interpreted and governed by the laws of the Union of Myanmar.

9. LAW OF PERFORMANCE

9.1 Both parties shall carry out their obligations arising out of this Agreement in accordance with the Laws, Rules, Regulations, Procedures and Directives of the Union of Myanmar.

10. RENEGOTIATION OF THE AGREEMENT

10.1 In the event that any situation or condition arises due to circumstances not envisaged in this Contract and warrants to the Agreement, the parties shall make the necessary negotiation.

This LOAN AGREEMENT is executed by the authorized representatives of the parties in Yangon. Myanmar on the 9th April, 1996.

For and on behalf of **LENDER**	For and on behalf of **BORROWER**
(1) ____________	(2) ____________
Mr. Peng. Sheng-Hsiung	U Maung Sein
Director and Vice president	Managing Director
Metro Summit Development Corp.	Myanmar Growing Construction Co., Ltd.
(A Panama Corporation)	Yangon, Union of Myanmar.

In the Presence of	**In The Presence of**
(1) ____________	(2) ____________
	U Soe Thein
	Director
	Myanmar Growing Construction Co., Ltd.
	Yangon, Union of Myanmar.

အကြောင်းအရာ။ ။ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် မြေအတွက် မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးများကိုအ ဆောက်အဦ များဆောက်လုပ်ပေးခြင်းဖြင့်ပေးချေခြင်းကိစ္စ။

၁။ မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (Myanmar Growing Construction Co., Ltd.) သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၁၆၅/၁၇၅) ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင် မြေကွက်နှစ် (၃၀) ငှားရမ်း၍ နိုင်ငံတကာအဆင့်မီပလာဇာ၊ ရုံးခန်း ,၊ ဈေးဆိုင်ခန်းနှင့်လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

၂။ ယင်းသို့ငှားရမ်းခဲ့ခြင်းအတွက် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် မြေကွက်ပေါ်တွင် မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးအဖြစ် ၈၀×၆၀ ရှိ (၅) ထပ်ရုံးအဆောက်အဦးကို ကျပ် ၆၀၀ သိန်းဖြင့် ဆောက်လုပ်ပေးရန်အတွက်၊ မြန်မာဂရိုးဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ (၂၈-၄-၉၇) နေ့၌လုပ်ငန်းအပ်နှံခဲ့ပြီး ဆောင်ရွက်ခဲ့ကြောင်း ဓါတ်ပုံများနှင့် တကွတင်ပြလာပါသည်။

၃။ အဆိုပါတင်ပြချက်မှအဓိကအချက်များမှာ-

(က)	ဌာနအတွက် ဆောက်လုပ်ပြီးစီးမှု	၄၅%
(ခ)	ဆောင်ရွက်ပြီးစီးမှုအတွက် ခန့်မှန်းကုန်ကျစရိတ်	ကျပ် ၁၆.၉၀၇ သန်း
(ဂ)	မြေအသုံးချခွင့်ပရီမီယံကြေး (မူလ)	ကျပ် (၆၀၀) သိန်း; (ယင်းတက်ကျော်လွန်နိုင်ပါသည်)၊
(ဃ)	စုဆောင်းပစ္စည်းတန်ဖိုး	ကျပ် ၆၂.၇၃ သန်း

၄။ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ရန်အတွက် "စစ်ဆေးရေးအဖွဲ့" တစ်ဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်လျှက်ရှိကြောင်း တင်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်ပါ မြေအသုံးချခွင့်ပရီမီယံကြေးအတွက် အဆောက်အဦ ဆောက်လုပ်ခြင်းကို လမ်းညွှန်မှုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

* ကျော် ၃-၃-၉၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)

၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

ဦး/ညွှန်မှူး	၂၅၂၁၁၂
	၂၄၆၇၄၀
	၂၄၅၅၀၂
ဒု/ညွှန်မှူး	၂၅၂၁၁၇
ဌာနခွဲမှူး (တာဝန်ခံ/စီမံ)	၂၅၂၁၁၈
ရုံး	၂၄၅၄၇၄

စာအမှတ်။ ၁-၉၈/၃-၀-၄/၉၆-၉၈(၇၅၈)။

ရက်စွဲ။ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ။ မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးများကို အဆောက်အဦများ ဆောက်လုပ်ပေးခြင်းဖြင့် ပေးချေခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ - (၂၂-၁-၉၈) ရက်စွဲပါစာအမှတ်-၇က-၁/၇၂၂/၉၇(၁၉၆၈-က)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးဖြင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ - မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် မြေကွက်ပေါ်တွင်(၅)ထပ်ရုံးအဆောက်အဦ ဆောက်လုပ်ပေးရန်အတွက်မြန်မာဂရိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့(၂၀-၄-၉၇) ရက်နေ့၌လုပ်ငန်းအပ်နှံခဲ့ပြီးဖြစ်ပါသည်။ အထက်ရည်ညွှန်းစာဖြင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က တောင်းခံထားသော အောက်ဖော်ပြပါအချက်များကိုတင်ပြအပ်ပါသည်။

(က) မြေအသုံးချခွင့်ပေးငွေအတွက်အဆောက်အဦမူလပုံစံ၊ လုပ်ငန်းစတင်ထားမှုအခြေအနေများ၏ဓါတ်ပုံများကို နောက်ဆက်တွဲ(က) ဖြင့်တင်ပြအပ်ပါသည်။

(ခ) အထက်အပိုဒ်(က)အရအဆောက်အဦ ဆောက်လုပ်ပြီးစီးမှုရာခိုင်နှုန်းမှာ ၁၄၅%ဖြစ်ပြီး၊ ဆောင်ရွက်ပြီးစီးမှုအတွက်ခန့်မှန်းကုန်ကျစရိတ်ကို နောက်ဆက်တွဲ(ခ) ဖြင့်တင်ပြအပ်ပါသည်။

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့်မြန်မာဂိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည်၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် မြေငှါးရမ်းရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ယခုအခါကုမ္ပဏီ၏လုပ်ငန်းအပြင်ရှိန အတွက် ရုံးအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းမှာ ၄၅% ပြီးစီးနေသည့် အခြေအနေတွင်ရှိပါသည်။

နှစ်ဦးနှစ်ဖက် ငှါးရမ်းရေးသဘောတူစာချုပ်အရ မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးအဖြစ်သတ်မှတ်ထားသည့် ငွေကျပ်သိန်း(၆၀၀)ဖြင့် တည်ဆောက်ပေးရမည့်ရုံးအဆောက်အဦတစ်ခုလုံး၏စတုရန်းပေစုစုပေါင်းမှာ(၈၀ x ၆၀ x ၅ထပ်) ၂၄၀၀၀ စတုရန်းပေဖြစ်ပြီး၊ အမှန်တကယ်တည်ဆောက်ရသည့်အဆောက်အဦတစ်ခုလုံး၏စတုရန်းပေစုစုပေါင်းမှာ ၅ထပ်စလုံးအတွက် ၂၅၆၂၈ စတုရန်းပေဖြစ်သည့်အတွက် မူလသဘောတူထားသည့်မြေအကျယ်စတုရန်းပေထက် ၁၆၂၈ စတုရန်းပေပိုဆောင်းတည်ဆောက်ပေးရမည်ဖြစ်ဆဖြင့်သတ်မှတ်ထားသည့် ငွေကျပ်သိန်း(၆၀၀)ထက် ကျော်လွန်မည့်အနေအထားဖြစ်ပါကြောင်း၊ စာချုပ်အရ(၁) နှစ်အတွင်းအပြီးတည်ဆောက်ပေးရမည်ဖြစ်ရာ ယနေ့အထိတည်ဆောက်မှုအပိုင်းတွင် ၄၅%အထိသာပြီးစီးနေသေးလည်းကျန်ရှိသောလုပ်ငန်းများကိုသတ်မှတ်ကာလအတွင်းအပြီးတည်ဆောက်ပေးမည်ဖြစ်ပါကြောင်းမြန်မာဂိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကဝန်ခံကတိပြုထားပါသည်။

ထို့အပြင်ရုံးအဆောက်အဦ ဆောက်လုပ်ရာတွင်လိုအပ်မည့်သံချောင်းများဘိလပ်မြေများ၊ သစ်သားများ၊ အုတ်သဲကျောက်အစရှိသည့် ဆောက်လုပ်ရေးသုံးကုန်ကြမ်းပစ္စည်းများကိုကြိုတင်ဝယ်ယူစုဆောင်းထားပါကြောင်းကုမ္ပဏီကတင်ပြလာသည့်စာရင်းကိုပစ္စည်းဝယ်ယူထားသောပြေစာများနှင့်တကွ နောက်ဆက်တွဲ(ဂ)ဖြင့်တင်ပြအပ်ပါသည်။

၂။ မြေအသုံးချခွင့်ပေးငွေပရီမီယံကြေးများကိုအဆောက်အဦ ဆောက်လုပ်ပေးခြင်းဖြင့် ပေးချေသည့်စနစ်ဖြင့်တည်ဆောက်လျက်ရှိသောမြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းကိုစစ်ဆေးကြီးကြပ်ရန်အတွက် "စစ်ဆေးရေးအဖွဲ့"တစ်ဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးမှ(၃၀-၁-၉၈) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် -

၃/-

(၃/၉၇) ဖြင့်ဖွဲ့စည်းပေးခဲ့ပြီး၊ ယင်းအဖွဲ့မှလည်းရုံးအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအစီရင်ခံအပ်ပါသည်။ နောက်ဆက်တွဲ(ဃ)

(တင်ဖေ)
ဦးဆောင်ညွှန်ကြားရေးမှူး

17-2-98

မိတ္တူကို


၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ။


၂။ ညွှန်ကြားရေးမှူး (ငွေစာရင်း) မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်။


ရက်စွဲ..................
ဝင်စာတင်ပြ
ဝန်ကြီး..................
ညွှန်ချုပ်..................
ဒု-ညွှန်ချုပ်..................
ညွှန်မှူး..................


ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်း စတင်ကာလမှ
အခြေအနေပြဓါတ်ပုံ









































TPI BRAND
TPI BRAND
TPI BRAND


TPI BRAND
TPI BRAND
TPI BRAND

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဒုတိယဝန်ကြီးချုပ်ရုံး
ရန်ကုန်မြို့။

စာအမှတ်(ဒု)၀ခ၇/ရင်းနှီး/၁(၃၅၈)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ။ မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက်မှ ရုံးခန်း၊ ဈေးဆိုင်ခန်း၊ လူနေအိမ်ခန်းများ တည်ဆောက်၍ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာနိုင်ငံမှမြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက်(Myanmar Growing Construction Co.,Ltd.)သည် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင်မြေတွင်နိုင်ငံတကာအဆင့်မီရုံးခန်း၊ ဈေးဆိုင်ခန်း၊ လူနေအိမ်ခန်းများ ဆောက်လုပ်၍ငှားရမ်းခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို(၈-၁၁-၉၆)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၇/၉၆)ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ မူအားဖြင့်သဘောတူညီပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ မြေငှားရမ်းခြင်းသဘောတူစာချုပ်(မူကြမ်း)၊စက်ပစ္စည်းများ ဝယ်ယူရန်အတွက် ရွှေဆိုင်းငွေပေးချေခြင်းသဘောတူစာချုပ်(မူကြမ်း)တို့ကို နောက်ဆက်တွဲ(၁)အဖြစ် ပေးပို့ထားပါသည်။

၂။ ဤလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၈.၁၀သန်း အပါအဝင်ကျပ် ၁၃၃.၀၀သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ် ၃၃.၀၀သန်း၊ အဆောက်အဦးအတွက် ကျပ် ၁၀၀.၀၀သန်း၊စက်ပစ္စည်းကိရိယာ

များအတွက်ကျပ် ၃.၀၀သန်း (အမေရိကန်ဒေါ်လာ ၀.၅၀သန်း) ပါဝင်မည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို စင်ကာပူနိုင်ငံ Lian Huat Shipping Co.Pte Ltd. မှ ရွှေ့ဆိုင်းငွေချေခြင်းစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ ချေးငွေကို (၄) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းဖြစ်ပါသည်။

၃။ ဤလုပ်ငန်းကို ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ် -(၁၆၅/၁၇၅)၊ ဆိပ်ကမ်းသာလမ်း ပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင်မြေ ၀.၁၁ဧက (၄၄၅.၁၅ စတုရန်းမီတာ) ကို နှစ် ၃၀ ငှားရမ်း၍ အထပ် (၁၀) ထပ်၊ အခန်း ၂၀ ပါဝင်သည့်ရုံးခန်း၊ ဈေးဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ ဆောက်လုပ်၍ ငှားရမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း) တွင်ပါဝင်သည့် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ငှားရမ်းမှုသက်တမ်း နှစ် ၃၀ ဖြစ်ပြီး သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ လုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) ခေတ်မီ (၁၀) ထပ်အဆောက်အဦကို (၁၈) လအတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ပါသည်။ (၁၈) လပြည့်သည်အထိ တည်ဆောက်မှုမပြီးစီးပါက (၁၈) လပြည့်သည့်နေ့မှစ၍ လစဉ်သတ်မှတ်ထားသော ငှားရမ်းခများကို ပေးသွင်းရမည်ဖြစ်ပြီး ငှားရမ်းကာလကိုလည်း (၁၈) လပြည့်ပြီးသည့်နေ့မှစ၍ နှစ် (၃၀) ရေတွက်မည်ဖြစ်ပါသည်။

(ဂ) သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့တွင် ရုပ်ရှင်လုပ်ငန်းမှ ကုန်ကျထားသော (Pile) ပိုင်တန်ဖိုး ငွေကျပ် ၉၀.၀၂ သိန်းကို မြန်မာဂရိုးဝင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက်မှ ရုပ်ရှင်လုပ်ငန်းသို့ တစ်လုံးတစ်ခဲတည်း ပေးသွင်းရမည်ဖြစ်ပါသည်။

(ဃ) မြေအသုံးချခွင့်ပေး ငွေအဖြစ် ရုပ်ရှင်လုပ်ငန်းပိုင် ဗဟန်းမြို့နယ်၊ အမှတ် - ၅၀၊ ရွှေတောင်ကြား လမ်း မြေနေရာတွင် ကျပ်သိန်း ၆၀၀ တန်ဖိုး ရှိ (၅) ထပ်အဆောက်အဦတစ်လုံးကို ရုံးအင်္ဂါရပ်နှင့်အညီ တစ်နှစ်အတွင်း အပြီးတည်ဆောက်ပေးရမည်ဖြစ်ပါသည်။

(င) မြေငှားရမ်းခကို တစ်နှစ်လျှင် ကျပ် ၁၀ သိန်းဖြင့် ၅ နှစ်လျှင်တစ်ကြိမ် ၁၅ ရာခိုင်နှုန်း ထက်မပိုစေဘဲ တိုးမြှင့်ပေးရန်နှင့် နှစ်စဉ်ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ငှားရမ်းကာလကုန်ဆုံးသည့်အခါ မြေနှင့်တကွ အဆောက်အဦနှင့်ဆက်စပ်ပတ်သက်နေသော ပစ္စည်းအားလုံးကို ကောင်းမွန်စွာ ပုံမှန်အသုံးပြုနိုင်သည့်အနေအထားအတိုင်း မည်သည့်အဖိုး စားနားမျှ မပါရှိဘဲ လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။

၅။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ပျမ်းမျှ ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၄၂.၀၀	၄.၀၄	၄၆.၀၄
(ခ) အသုံးစရိတ်	၂၁.၄၀	၂.၆၀	၂၄.၀၀
(ဂ) အသားတင်အမြတ်	၂၀.၆၀	၂.၁၆	၂၂.၇၆

၆။ ဤလုပ်ငန်းတွင် အဆောက်အဦ၏ ငှားရမ်းနိုင်သော ကြမ်းပြင်ဧရိယာ စုစုပေါင်းမှာ ၃၆၀၀ စတုရန်းမီတာဖြစ်ပါသည်။ ပုံမှန်နှစ်တွင် နိုင်ငံခြားငွေဖြင့် ငှားရမ်းမည့်နှုန်းကို ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကျပ်ငွေဖြင့် ငှားရမ်းမည့်နှုန်းကို ၂၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ခန့်မှန်းတွက်ချက်ထားပါသည်။ အခန်းငှားခနှုန်းမှာ ပုံမှန်နှစ်တွင် တစ်စတုရန်းမီတာလျှင် နိုင်ငံခြားငွေဖြင့် အမေရိကန်ဒေါ်လာ ၃၅၀ ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ ကျပ်ငွေဖြင့် ကျပ် ၅၅၅၀၀ နှုန်းဖြင့်လည်းကောင်း ငှားရမ်းမည်ဖြစ်ပါသည်။

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ တစ်နှစ်ပျမ်းမျှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

(က) ဝင်ငွေခွန်	၁၀.၁၁
(ခ) ကုန်သွယ်လုပ်ငန်းခွန်	၅၄.၀၀
(ဂ) ရုပ်ရှင်လုပ်ငန်းမှ မြေငှားရမ်းခရငွေ	၁.၄၆

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်ပြည်တွင်း မှဝန်ထမ်း ၁၀၀ဦး နှင့် နိုင်ငံခြား မှကျွမ်းကျင်သူ (၆) ဦးခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ ဤလုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာလျှင် ပိုင်ဆိုင် သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်းနှင့် မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်း မည့်စည်းကမ်း သတ်မှတ်ချက်များ ကိုလိုက်နာမည် ဖြစ်ကြောင်း ကတိဝန်ခံချက် ပေး ထား ပါသည်။

၁၀။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ အား လုံး ကိုခံစား ခွင့်ပြုရန် လျှောက်ထား လာပါသည်။ ဥပဒေပုဒ်မ ၁၂အရ စီး ပွား ရေး လုပ်ငန်း စတင် သောနှစ် အပါ အဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်း လွတ်ခွင့် ပေး ရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃အရ အခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များအနက်လုပ်ငန်း နှင့်သင့်လျော်သည့်အခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန် ကော်မရှင်မှဆုံး ဖြတ်ခဲ့ပါသည်။

၁၁။ <u>ဆုံး ဖြတ်ရန်အချက်</u>

(က) မြန်မာဂျိုး ဝင်း ကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက်မှ ရုံး ခန်း၊ ဈေး ဆိုင်ခန်း ၊ လူနေအိမ်ခန်း များ တည် ဆောက်၍ ငှားရမ်းခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

(ခ) လုပ်ငန်း ဆောင်ရွက်ရန်သဘောတူပါကမြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ အနက်လုပ်ငန်း နှင့်စပ်လျဉ်း သည့် အခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် သဘောတူ - မတူ။

၁၂။ **ဒုတိယဝန်ကြီးချုပ်ရုံး၏ ထောက်ခံချက်**

အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

[ဗိုလ်မှူးချုပ်မောင်မောင်]
ဝန်ကြီး
ဒုတိယဝန်ကြီးချုပ်ရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့။

*ဩ၁၄/၁၁/၉၆။

(၁၁.၇.၉၇) ၁၂/၉၇ ကြို/၉၃

လျှို့ဝှက်

အကြောင်းအရာ။ ။ Myanmar Growing Construction Co.,Ltd ၏ အခန်းအရေအတွက်တိုး မြှင့်ခွင့်ပြုပါရန်ကိစ္စ။

၁။ Myanmar Growing Construction Co.,Ltd. သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ်၊ (၃၆၅/၁၇၅) ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းပိုင်မြေကို ငှားရမ်း၍ အထပ် (၁၀) ထပ်၊ အခန်း (၂၀) ပါဝင်သည့် နိုင်ငံတကာအဆင့်မီ အဆောက်အဦး ဆောက်လုပ်၍၊ ပလာဇာ၊ ရုံးခန်း၊ ဈေးဆိုင်ခန်းနှင့် လူနေအိမ်ခန်းများ တည်ဆောက်ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၂၉-၁၁-၉၆) နေ့တွင် ခွင့်ပြုမိန့်အမှတ်၊ မနသ (၀၅၀/၉၆) ဖြင့် ခွင့်ပြုခဲ့ပါသည်။

၂။ Myanmar Growing Construction Co., Ltd. ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၅၀) သန်း အပါအဝင် ကျပ် (၁၇၃.၀၀) သန်း ဖြစ်ပါသည်။

၃။ Myanmar Growing Construction Co., Ltd. အနေဖြင့် အဆောက်အဦးတွင် ငှားရမ်းမည့်သူများ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုများ အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နေထိုင်နိုင်စေရန်အတွက် အထပ် (၁၀) ထပ်တွင် အခန်း (၂၀) အစား၊ အထပ် (၁၀) ထပ်တွင် အခန်း (၄၀) ခန်း ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ရုံးခန်း၊ လူနေအိမ်ခန်း၊ ဈေးဆိုင်ခန်းများ အဖြစ် တိုးမြှင့်၍ ဆောက်လုပ်ခွင့်ပြုပါရန် တင်ပြလာခြင်း ဖြစ်ပါသည်။ (ပူးတွဲ)

၄။ ယင်းသို့ Myanmar Growing Construction Co., Ltd. ၏ အထပ် (၁၀) ထပ် အခန်း (၂၀) ခန်းမှ အထပ် (၁၀) ထပ် အခန်း (၄၀) သို့ တိုးမြှင့်လာခြင်းသည် လူများ နေထိုင်ငှားရမ်းမှု အဆင်ပြေစေရန် ဖြစ်ကြောင်းနှင့် အခန်းအရေအတွက် တိုးမြှင့်လာမှုအတွက် မူလခွင့်ပြုထားသော မတည်ငွေရင်းပမာဏ ကျပ် (၁၇၃) သန်း၏ ဘောင်အတွင်းမှ ပင်ဖြစ်ကြောင်း သိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ Myanmar Growing Construction Co., Ltd. ၏ အထပ် (၁၀) ထပ် အခန်း (၂၀) အစား အထပ် (၁၀) ထပ် အခန်း (၄၀) ဖြင့် အခန်းအရေအတွက်တိုးမြှင့် ဆောက်လုပ်ခွင့်ကို ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

လျှို့ဝှက်

မဝ * ၉/၇/၉၇။

(မူရင်း)

MYANMAR GROWING CONSTRUCTION CO., LTD.

မြန်မာဂရိုးဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

No. 54, SECOND FLOOR, SINTOHDAN STREET, LATHA TOWNSHIP, YANGON.

☎ : 095 - 1 - 226414, FAX : 095 - 1 - 226414

အတွင်းရေးမှူး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။

အကြောင်းအရာ။ အခန်းအဆောက်အဦး မြှင့်ခွင့်ပြုပါရန်ကိစ္စ။

၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ မြန်မာဂရိုးဝင်းကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက်သည် အမှတ်(၁၆၅/၁၇၁)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်(၈၀ x ၆၀) ရန်ကုန်မြို့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ဒဂုဏ်ရှင်လုပ်ငန်း ပိုင်မြေကွက်တွင် အထပ်(၁၀)ထပ်၊ အခန်း(၂၀) ပါဝင်သည့်ရုံးခန်း၊ လူနေအိမ်ခန်းနှင့် ဈေးဆိုင်ခန်းများ (Office, Apartment, Shopping Centre & Plaza -) တို့ကို နိုင်ငံတကာအဆင့်အတန်းမီအဆောက်အဦးများ အဖြစ်တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း - (Build, Operate and Transfer) (B.O.T.) အရတည်ဆောက်ပြီးငှားရမ်းခြင်း၊ လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၉၉၆-ခုနှစ်၊ နိုဝင်ဘာလ(၂၉) ရက်စွဲပါခွင့်ပြုမိန့်အမှတ်(၀၅၁/၉၆)အရ လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ ကျွန်တော်တို့ကုမ္ပဏီသည်၊ အဆိုပြုလွှာတင်ခဲ့စဉ်က နိုင်ငံတကာအဆင့်အတန်းမီအထပ်(၁၀)ထပ်အခန်း(၂၀) ပါဝင်သည့်ရုံးခန်း၊ လူနေအိမ်ခန်းနှင့်ဈေးဆိုင်ခန်းများ (Office, Apartement, Shopping Centre & Plaza) ဖြစ်ပါသည်။ အဆောက်အဦးတွင်ငှားရမ်းမည့်သူများ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုများ အဆင်ပြေစွာလုပ်ကိုင်ဆောင်ရွက်နေထိုင်နိုင်စေရန်အတွက်၊ ယင်းနိုင်ငံတကာအဆင့်မီ - အထပ်(၁၀)ထပ်တွင်အခန်း(၂၀)ခန်းအစား နိုင်ငံတကာအဆင့်မီအထပ်(၁၀)ထပ်တွင်အခန်း(၄၀)ခန်း ပါဝင်သည့်ရုံးခန်း၊ လူနေအိမ်ခန်း၊ ဈေးဆိုင်ခန်းများ (Office, Apartment, Shopping Centre & Plaza) အဖြစ်တိုးမြှင့်၍ ဆောက်လုပ်ခွင့်ပြုပါရန်ကို ရိုသေလေးစားစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

ရိုသေလေးစားစွာဖြင့် လျှောက်ထားသူ

(မောင်စိန်)

အုပ်ချုပ်မှုဒါရိုက်တာ

မြန်မာဂရိုးဝင်းကွန်စထရက်ရှင်းကုမ္ပဏီလီမိတက်။

မိတ္တူကို -

- ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ဒဂုဏ်ရှင်လုပ်ငန်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၆၅၃/၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့.

Telex 21538 INVEST BM

Fax : 095 - 01 - 82101

တယ်လီဖုန်း

စာအမှတ်၊ ရက-၁/မ-၁၀၀/၉၇(၅၄၇)။

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်။

အကြောင်းအရာ။ ။ ရုပ်ရှင်လုပ်ငန်း ပိုင်၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း အမှတ် ၁၆၅/၁၇၅ မြေနေရာ၌ (၁၁) ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန်ကိစ္စ။

ရည်ညွှန်းချက်။ ။ပြန်ကြားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၇-၆-၉၇ ရက်စွဲပါစာအမှတ်၊ ၂-၁၀(၁၁/၉၆)/၁၄၀၅/ ၁၄၀၆။

၁။ ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်း ပိုင်၊ ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၆၅/၁၇၅ မြေနေရာကို မြန်မာဂျိုးဝင်း ကွန်ထရပ်ရှင်း ကုမ္ပဏီလီမိတက်သို့ နှစ် (၃၁) ငှားရမ်း၍ (၁၀) ထပ်အမြင့်ရှိသော နိုင်ငံတကာ အဆင့်မီ၊ ပလာဇာ၊ ရုံးခန်း၊ ဈေးဆိုင်ခန်း နှင့်လူနေတိုက်ခန်း များဆောက်လုပ်၍ ငှားရမ်းခြင်း လုပ်ငန်းကို B.O.T စနစ်ဖြင့်မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ကိုပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၉-၁၁-၉၆ နေ့တွင်ခွင့်ပြုမိန့် အမှတ်မနသ-၀၅၁/၉၆ နှင့်ဆိုင်ရာကြော်ငြာစာအမှတ် ၄၇/၉၆ ကိုထုတ်ပေးခဲ့ပါသည်။

၂။ ထိုသို့ခွင့်ပြုရာတွင် မြေအသုံးချမှုပရီမီယံကြေးအဖြစ် ငွေကြေးမြေပေါ်တွင်ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ထားခဲ့သော ပိုင်ဆိုင်ငွေကျပ် ၉၀.၀၂ သိန်းကို ကုမ္ပဏီမှ ရုပ်ရှင်လုပ်ငန်းသို့ ပေးသွင်းရန်နှင့် ဆိပ်ကမ်းသာလမ်းမြေပေါ်တွင် ကုမ္ပဏီအစီအစဉ်ဖြင့် (၁၀) ထပ်အဆောက်အအုံကို (၁၈) လအတွင်းတည်ဆောက်စေရန်သတ်မှတ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂/-

၃။ အဆိုပါအဆောက်အအုံ ဆောက်လုပ်ခွင့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ လျှောက်ထားရာတွင် (၁၀) ထပ်အဆောက်အဦး ဆောက်လုပ်မည်ဆိုပါက အဆောက်အအုံ မြေညီထပ်တွင် ယာဉ်ရပ်နားရန်နေရာ ထည့်သွင်းပေးရန်နှင့် ပေချန်လွှတ်၍ Foundation ထည့်သွင်းပေးရန်လိုအပ်ပါက (၈) ထပ်သာ ဆောက်လုပ်ရန်၊ အကြောင်းပြန်ကြားကြောင်းသိရှိရပါသည်။ ယင်းပရိုဂျက်လုပ်ငန်းသည် ကော်မရှင်မှခွင့်ပြုပြီး လုပ်ငန်းတစ်ခုဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်းပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနမှ ကော်မရှင်သို့တင်ပြ မေတ္တာရပ်ခံလာပါသည်။

၄။ ယခု ဆောက်လုပ်မည့်အဆောက်အအုံ နေရာတွင် မူလကပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းမှ ပိုင်ဆိုင်ကိုက်ထည့်သွင်းပြီး ဖြစ်၍ ပိုင်ဆိုင်း ငွေကျပ် ၁၀.၀၂ သိန်း ကိုလည်း မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ပေးသွင်းပြီး ဖြစ်ပါသည်။ ယာဉ်ရပ်နားရန် နေရာထည့်သွင်း ဆောက်လုပ်ရမည်ဆိုပါက မြေအကွင်း၊ ဂိုက်သွင်းပြီးဖြစ်သော ပိုင်များကို တူး ဖော်ပြီး ပြန်လည် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ငွေကြေး ဆုံးရှုံး မှုများ၊ များပြား လာမည်ဖြစ်ပါသည်။ ထို့အပြင် (၈) ထပ်သာ ဆောက်လုပ် ရမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုငွေမှာ မူလကျပ် ၁၁၀.၆၈ ရသိန်း မှကျပ် ၈၈.၅၅ သိန်း သို့ကျပ် ၂၂.၁၃ ရသိန်း လျော့နည်းသွားမည်ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် နစ်နာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လိုအပ်ချက်အတိုင်း ယာဉ်ရပ်နားရန် နေရာကိုအဆောက်အအုံ၏ ရှေ့ ၁၀ ပေအကွာ နေရာ၌သတ်မှတ်စီစဉ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကော်မရှင်မှခွင့် ပြုထားသည့် (၁၀) ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုရေး ကိုအထူး ကိစ္စတစ်ရပ်အနေဖြင့် ခွင့်ပြုပေး နိုင်ပါရန်ညှိနှိုင်း မေတ္တာရပ်ခံအပ်ပါသည်။

အတွင်းရေးမှူး (ကိုယ်စား)
(မောင်မောင်ညို၊ တွဲဖက်အတွင်းရေးမှူး)

ဥက္ကဋ္ဌ၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

မိတ္တူ ကို -

(၁) ပြန်ကြားရေး ဝန်ကြီးဌာန။

(၂) ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုပ်ရှင်လုပ်ငန်း။

* ဧဌ္ဌး * ၂၅-၆-၉၇။

[illegible]ရင်းနှီးမြှုပ်နှံမှုကော်မရှင်
[illegible]၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

Telex 21368 IN[illegible]
Fax : 095 - 01 - 82[illegible]

စာအမှတ်၊ ရက – [illegible]/၉၇(၅၄၇)
ရက်စွဲ၊ ၁၉၉[illegible] ၂၈ ရက်

အကြောင်းအရာ ။ **ရုပ်ရှင်လုပ်ငန်းပိုင်၊ ရန်[illegible]လမ်းသာလမ်း အမှတ် ၁၆၅/၁၇၅ မြေနေရာ[illegible] ([illegible]) ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန်ကိစ္စ ။**

ရည်ညွှန်းချက် ။ ပြန်ကြားရေးဝန်ကြီးဌာန၊ [illegible] ၁၇–၆–၉၇ ရက်စွဲပါစာအမှတ်၊ ၂–၁၀(၁၁/[illegible])/၁၄၈၅ / ၁၄၀၆ ။

၁။ [illegible]ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်[illegible]ပိုင်၊ ရန်ကုန်မြို့ [illegible] ၁၆၅/၁၇၅ မြေနေရာ[illegible]နှင့်သာရုပ်ရှင်း[illegible] (၃၀) ဌာန ရမ်း ၍ (၁၀) [illegible]နိုင်ငံတကာ အဆင့်မီ၊ [illegible] ခန်း၊ ဈေးဆိုင်ခန်းနှင့်လူ[illegible]ဆောက်လုပ်၍ ဌာနရမ်း [illegible] ကို B.O.T စနစ်ဖြင့်မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ကိုပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်အရမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၁–၁၁–၉၆ နေ့တွင်ခွင့်ပြုမိန့်အမှတ် မနသ–၀၅၁/၉၆ နှင့်အမိန့်ကြော်ငြာစာအမှတ် ၄၃/၉၆ ကိုထုတ်ပေးခဲ့ပါသည် ။

၂။ ထိုသို့ခွင့်ပြုရာတွင် မြေအသုံး ချမှုပရီမီယံ ကြေးအဖြစ်ငွေးမြေပေါ်တွင်ယခင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ကုန်ကျခဲ့သောပိုင်ဆိုင်မှုငွေကျပ် [illegible].၀၂ သိန်း ကိုကုမ္ပဏီမှရုပ်ရှင်လုပ်ငန်းသို့ ပေးသွင်း ရန်နှင့်[illegible]လမ်းသာလမ်းမြေပေါ်တွင်ကုမ္ပဏီအစီအစဉ်ဖြင့်(၁၀) ထပ်အဆောက်အအုံကို(၁၈) လအတွင်းတည်ဆောက်စေရန်သတ်မှတ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၃။ ဆောက်အအုံ ဆောက်လုပ်ခွင့် [illegible]

စည်ပင်သာ [illegible] တိုက် ရှောက်ထား ရာတွင် [illegible] အဦး ဆော [illegible] အ ဆောက်အအုံ မြေညီထပ်တွင်ယာ [illegible] ရာ ထည့်သွင်း ပေး [illegible] ပေချန်လှပ်၍ Foundation ထည့်သွင်း [illegible] သို့မဟုတ် ပါက (၈) ထပ်သာ [illegible] ကလုပ်ရန်၊ အကြောင်း ပြန်ကြား [illegible] ပါသည်။ ယင်း ပရိုဂျက် [illegible] သည် ကော်မရှင်မှ ခွင့်ပြုပြီး လုပ်ငန်း [illegible] သက်ဆိုင် ရာအဖွဲ့အစည်း [illegible] ပေး ပါရန်ပြန်ကြား ရေး ဝန်ကြီး [illegible] ကော်မရှင် သို့တင်ပြ မေး [illegible] ပါသည်။

၄။ ယခု ဆောက်လုပ်မည့်အ ဆောက်အအုံ နေရာ [illegible] ကပြည်သူ့ ဆောက်လုပ် [illegible] ငန်း မှပိုင်ဂိုက်ထည့်သွင်း ပြီး ဖြစ်၍ ပိုင်တိုး [illegible] ၉၀.၀၂ သိန်း [illegible] ရှင်လုပ်ငန်း သို့ ပေး သွင်း ပြီး [illegible] ယာဉ်ရပ် နား ရန် နေရာထည့်သွင်း ဆောက်လုပ်ရမည်ဆိုပါက မြေအတွင်း [illegible] ပြီး ဖြစ် သောပိုင် [illegible] ပြီး ပြန်လည် ဆောင်ရွက်ရမည် [illegible] ကြေး ထိုး ဖို့ [illegible] လာမည်ဖြစ်ပါသည်။ ယို [illegible] ရမည်ဆို [illegible] မှုငွေမှာ မူလကျပ် ၁၁၀ [illegible] ၁၁ သန်း [illegible] ကျော့နည်း သွား မည်ဖြစ် [illegible] နေဖြင့် နစ်နာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာ [illegible] ကော်မတီ ၏လိုအပ်ချက်အတိုင်း ယာဉ်ရပ်နား ရန် နေရာကိုအ ဆောက်အအုံ၏ ၅၀ ပေအ ကွာ နေရာ၌သတ်မှတ်စီစဉ် ပေး မည်ဖြစ် ကြောင်း သိရှိရပါသည်။ သို့ပါ၍ ပြည်ထောင်စု မြန်မာနိုင်ငံ တော်အစိုး ရအဖွဲ့၏သ ဘောတူခွင့်ပြုချက်ဖြင့် ကော်မရှင်မှခွင့် ပြုထား သည့် (၁၀) ထပ်အ ဆောက်အအုံ ဆောက်လုပ်ခွင့်ပြုရေး ကိုအထူး ကိစ္စတစ်ရပ်အ နေဖြင့် ခွင့်ပြုပေး နိုင်ပါရန်သွိုနိုင်း မေတ္တာရပ်ခံအပ်ပါသည်။

အတွင်း ရေး မှူး (ကိုယ်စား)

ဥက္ကဋ္ဌ၊

ရန်ကုန်မြို့ [illegible] ရေး ကော်မတီ။

မိတ္တူကို -

(၁) [illegible] ရေး ဝန်ကြီးဌာန။

(၂) [illegible] ဝင်သွန်ကြား ရေး မှူး၊ ရုပ်ရှင်ရုံ [illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

ရန်ကုန်မြို့

အမှာစာအမှတ် ၂-၁၀(၁၁/၉၆)/၁၄၀၁/၁၄၀၆

ရက်စွဲ၊ ၁၉၉၇ ခု ______ နှစ် ______ လ ______ ရက်။

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ။ ရုပ်ရှင်လုပ်ငန်းပိုင်ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း အမှတ် ၁၆၅/၁၇၃ မြေနေရာ၌ (၁၀) ထပ်အဆောက်အအုံ ဆောက်လုပ်ရန်ကိစ္စ။

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၁၁-၉၆ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၀၈၈/၉၆(၁၃၀၆)။

၁။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းရှိ ရုပ်ရှင်လုပ်ငန်းပိုင်အမှတ်၁၆၅/၁၇၃ မြေတိုင်းအမှတ် ၁၃ F ၊ မြေကွက်အမှတ်၊ EP of N $\frac{1}{2}$ I3 နှင့် S $\frac{1}{2}$ of II 7 မြေအကျယ်အဝန်း (၈၀'x၆၀') မြေနေရာပေါ်တွင်မြန်မာဂရိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ Build, Operate Transfer System (BOT)ဖြင့် ခေတ်မီအဆင့်မြင့်(၁၀)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နိုင်ငံတော်အစိုးရအဖွဲ့သို့တင်ပြခဲ့ရာအစိုးရအဖွဲ့က သဘောတူညီပါသဖြင့်လုပ်ငန်းဆောင်ရွက်ခွင့်အမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အထက်ရည်ညွှန်းစာဖြင့်ထုတ်ပြန်ခွင့်ပြုခဲ့ပါသည်။

၂။ အစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက်ဖြင့်(၁၀)ထပ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက်မြန်မာဂရိုးဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိရေး

အတွက်တင်ပြလျှောက်ထားရာ (၁၀) ထပ်အဆင့်မြင့်အဆောက်အအုံ ဆောက်လုပ်မည် ဆိုပါက အဆောက်အအုံ၏ မြေညီထပ်တွင်ယာဉ်ရပ်နား ရန်နေရာထည့်သွင်း ပေးရန် နှင့် ၄င်းချန်လှပ်၍ Foundation ထည့်သွင်း ရေးဆွဲတင်ပြရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှပြန်ကြား လာပါသည် (နောက်ဆက်တွဲ-က)။

၃။ မူလအဆိုပြုစဉ်က အဆောက်အအုံ၏ မြေညီထပ်တွင်ယာဉ်ရပ်နား ရန် နေရာသီးခြား ထားရှိပေး ရန်သတ်မှတ်ချက်မပါရှိသည့်အပြင်၊ ယခု ဆောက်လုပ် မည့်အဆောက်အအုံ၏ မြေနေရာတွင်ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) ဆောက်လုပ်ရန် အတွက်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကကျပ် ၉.၀၀၂ သန်းတန်ဖိုး ရှိ Pile များ ထည့်သွင်း ထား ပြီး ဖြစ်၍ယာဉ်ရပ်နား ရန် နေရာထည့်သွင်း ဆောက်လုပ် ရမည်ဆိုပါက ပြည်သူ့ဆောက်လုပ် ရေး လုပ်ငန်း မှ ဆောင်ရွက်ခဲ့သော Foundation ကိုတူး ဖော်ပြီး ပြန်လည် ဆောင်ရွက်ရမည်ဖြစ်သဖြင့် Pile များ ၏တန်ဖိုး ငွေ ကျပ်၉.၀၀၂ သန်း မှာဆုံး ရှုံး ရမည့်အပြင်အဆောက်အအုံ ဆောက်လုပ်ရမည့် အချိန် ကာလလည်း ထပ်မံကြာမြင့်ဦး မည်ဖြစ်ပါ၍ မူလခွင့်ပြုထား သော (၁၀) ထပ် အဆောက်အအုံရုံး ၏ ရှေ့ (၁၀ဲ) ခွါ၍ယာဉ်ရပ်နား နေရာသတ်မှတ်ပေး မည် ဖြစ်ကြောင်း နှင့်အထူး ကိစ္စရပ်အနေဖြင့်ခွင့်ပြုပေး ပါရန် မေတ္တာရပ်ခံခဲ့ပါ သည် (နောက်ဆက်တွဲ-ခ)။

၄။ သို့ရာတွင် ရန်ကုန်မြို့၊ ကျောက်တံတား မြို့နယ်၊ ဆိပ်ကမ်း သာလမ်း ရှိရုပ်ရှင်လုပ်ငန်း ပိုင်အမှတ် ၁၆၅/၁၇၃ မြေနေရာတွင် မြန်မာဂိုး ဝင်း ဆောက်လုပ် ရေး ကုမ္ပဏီလီမိတက်သို့အဆင့်မြင့် (၁၀) ထပ်အ ဆောက်အအုံ ဆောက်လုပ် ခွင့်ပြုသင့် သော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး တော်မတီက (၈) ထပ် သာ ဆောက်လုပ်ခွင့်ပြု ကြောင်း ပြန်ကြား လာပါသည် (နောက်ဆက်တွဲ-ဂ)။

၅။ သို့ဖြစ်ပါ၍အစိုး ရအဖွဲ့၏ မူလခွင့်ပြုချက်အရ (၁၀) ထပ် ဆောက်လုပ် မည်ဆိုပါက နိုင်ငံတော်အနေဖြင့်ရင်း နှီးမြှုပ်နှံမှုတန်ဖိုး တစ်ထပ်၏ကြမ်း ခင်း ဧရိယာ ၄၄၂၇.၅ စတုရန်း ပေ ပေါ်တွင်တွက်ချက်ခဲ့ရာအ ဆောက်အအုံတစ်ခုလုံး အတွက် ငွေကျပ် ၁၁၀.၆၈ ရသန်း ဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေး ကော်မတီမှယခုခွင့်ပြုချက်အတိုင်း (၈) ထပ် ဆောက်လုပ်ရမည်ဆိုပါက ကုန်ကျမည့် ငွေ သည် နိုင်ငံတော်အတွက် ရင်း နှီး မြှုပ်နှံမှုတန်ဖိုး ငွေကျပ် ၈၈.၅၅ သန်း ဖြစ်သဖြင့်

ပြန်ကြားရေးဝန်ကြီးဌာန

နောင်နှစ်ရှည်ကာလများတွင် နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၂၂.၁၃၇ သန်း နှမ်နှာမည်ဖြစ်ပါသည်။ မြန်မာဂျီးဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့်လည်း ယခင်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဆောင်ရွက်ခဲ့သော Foundation ကိုဖျက်၍ အသစ်ဆောက်လုပ်ရန် သဘောတူသည့်အတွက် ကျသင့်ငွေကျပ် ၈.၀၀၂ သန်းကို နိုင်ငံတော်သို့ ပေးသွင်းပြီးလည်း ဖြစ်ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏လိုအပ်ချက်အရ ယာဉ်ရပ်နား နေရာကို အဆောက်အအုံ၏ ရှေ့ ၁၀' အကွာ နေရာ၌ သတ်မှတ်၍ နိုင်ငံတော်အစိုးရအဖွဲ့၏ သဘောတူညီခွင့်ပြုထားသည့်အတိုင်း (၁၀) ထပ်ဆောက်လုပ်ခွင့်ပြုရေး အား အထူးကိစ္စရပ်အနေဖြင့် ဆောက်လုပ်ခွင့်ရရှိရေး အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီနှင့်ညှိနှိုင်း ပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ဝန်ကြီး (ကိုယ်စား)
(သိန်းစိန်၊ ဒုတိယဝန်ကြီး)

မိတ္တူကို -

ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုပ်ရှင်လုပ်ငန်း။

ညွှန့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

စာအမှတ်၊ ၁၄၈၆/ပြင်ပ/စည်ပင်-ယာ(အုံ)
ရက်စွဲ ၊ ၁၉၉၇ ခုနှစ်၊ မေလ ၂၂ ရက်

ဦးဆောင်ညွှန်ကြားရေးမှူး
ရုပ်ရှင်လုပ်ငန်း ပုံးချုပ်
၃၇၉/၃၀၃ ဗိုလ်အောင်ကျော်လမ်း

အကြောင်းအရာ။ ရန်ကုန်မြို့၊ သိပ္ပကမ်းသာလမ်း၊ အမှတ် ၁၆၅/၁၇၅ ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်း ပိုင်မြေပေါ်တွင် (၁၀) ထပ်အဆင့်မြင့် အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုပါရန်ကိစ္စ

အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ အဆိုပြုအဆောက်အအုံပုံစံအား ပြင်ဆင်ရေးဆွဲတင်ပြရန် လိုအပ်ကြောင်း သိရှိနိုင်ရန် အကြောင်းကြားပါသည် -

(၁) Semi Basement ထည့်သွင်းရေးဆွဲရန်
(၂) ပိုင်ချန် Foundation ထည့်သွင်းရေးဆွဲရန်

ဌာနမှူး (ကိုယ်စား)
(ထွေးကြည် ၊ လက်ထောက်ဌာနမှူး)

ရုံးလက်ခံ

နောက်ဆက်တွဲ (ခ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
[illegible]ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ရန်ကုန်မြို့

[illegible] လုပ်အားဖြင့်နိုင်ငံတည်

[illegible] မှန် မြန်မြန်

စာအမှတ် ၂ - ၁၀ (၁၁ / ၉၆)/ ၁၂၄၈/ ၁၂၄၉

ရက်စွဲ၊ ၁၉ ၉၇ ခု မေ လ ၂၈ ရက်။

သို့

[illegible]
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အကြောင်းအရာ။ ။ **ရုပ်ရှင်လုပ်ငန်းပိုင် ရန်ကုန်မြို့ကျောက်တံတား မြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်၊ ၁၆၅/၁၇၃ [illegible] နေရာ၌ (၁၀) ထပ်အဆောက်အအုံ ဆောက် လုပ်ခွင့်ပြုပါရန်ကိစ္စ။**

၁။ ရုပ်ရှင်လုပ်ငန်းပိုင် ရန်ကုန်မြို့ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်၊ ၁၆၅/၁၇၃ မြေတိုင်း ရပ်ကွက်အမှတ်၊ ၁၃ F ၊ မြေကွက်အမှတ် P of N½ of I.5 နှင့် S½ of II.7 မြေအကျယ်အဝန်း (၈၀'x ၆၀') ရှိ မြေနေရာ၌ ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) အဆောက်အအုံ ဆောက်လုပ်ရန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၁၉၉၀-၉၁ ဘဏ္ဍာနှစ်မှစ၍ လုပ်ငန်းအပ်နှံခဲ့ပါသည်။ နှစ်စဉ်ရန်ပုံငွေ [illegible] ပေးခဲ့ရာ ၁၉၉၅-၉၆ ဘဏ္ဍာနှစ်အထိ ကျပ် ၉၀.၀၂ သိန်း ကုန်ကျခဲ့ပါသည်။

